ဝိုင်းပတ် ကြ၊ <wain: pat> 围成圈儿

ဝိုင်းပိတ်ကျား န၊ <wain: peit kya:> 围棋

ဝိုင်းပယ် ကြ၊ <wain: pe> 孤立,排挤: ဆွေမျိုးများကသူ့ကို ~ ထားသည်။ 亲戚都不理他。/ ~ ခံရသည်။ 受排挤。

ဝိုင်းပြုံ ကြ၊ <wain pyon> 围着: ~ ရှုကြည့်သည်။ 围观。/ ~ ရောက်လာကြသည်။ 一起来了。

ဝိုင်းဖွဲ့ ကြ၊ <wain: phwe'> 围成圈子: ~ ထိုင်သည်။ 围坐。/ ~ ပြီးစကားပြောသည်။ 凑在一起聊天。/ ~ ခတ် 围成圈踢(藤球)。

ဝိုင်းရံ ကြ၊ <wain: yan> 包围,围绕: ရေပတ်လည် ~ လျက်ရှိသည်။ 四面环水。/ ရန်သူတွေကို ~ ထားသည်။ 把敌人包围住了。

ဝိုင်းလည် ကြ၊ <wain: le> ①一圈人轮着踢藤球,不让球落地 ②转一圈

ဝိုင်းလုပ်ဝိုင်းစား န၊ <wain: lout wain: za:> 集体合作共同分享的做法

ဝိုင်းဝိုင်းစက်စက် I နဝ၊ <wain: wain: set set> 圆的: ~ လမင်းကြီး 圆圆的月亮 / မျက်နှာက ~ 脸圆圆的 II ကဝ၊ <wain: wain: set set> 圆圆的

ဝိုင်းဝိုင်းလည် I ကြ၊ <wain: wain: le> 围成圈转,转圈: မျက်လုံးလေးများ ~ သွားသည်။ 眼睛瞪得圆圆的。II နဝ၊ <wain: wain: le> 大量的: အလုပ်တွေ ~ နေတာပဲ။ 工作很多,忙得团团转。

ဝိုင်းဝန်း I ကြ၊ <wain: wun:> ①集体做: ~ စုပေါင်း၍လုပ်ဆောင်ကြသည်။ 集体干。② = ဝိုင်းရံ II ကဝ၊ <wain: wun:> 一起,共同,一齐: ~ ကူညီကြသည်။ 一起帮助。/ ~ လုပ်ဆောင်ကြသည်။ 一起干。

ဝိုင်းသား န၊ <wain: dha:> 缅甸乐队队员

ဝိုင်းဆိုင်း ကြ၊ <wain: thain:> 大家一起干: အားလုံး ~ လိုက်ယင်ခဏနဲ့ပြီးမှာပဲ။ 大家一起干一会儿就完。

ဝိုင်းအုပ် ကြ၊ <wain: out> 一起揍: သူခိုးကို ~ လိုက်ကြသည်။ 一起揍小偷。

ဝိုင်းအုံ ကြ၊ <wain: on> 聚集,围着: ရန်သူကိုရွာလုံး ~ လိုက်ကြသည်။ 全村一起合力追捕敌人。/ ဟိုမှာသူတွေ ~ ကြည့်နေကြတာဘာများပါလိမ့်။ 大家围着看什么?

ဝစ္စပေါက် န၊ <wit sa' paut> 缅语中高平调符号(း),又称: ဝတ်စပေါက်၊ ဝတ်စေ့ပေါက်၊ ဝတ်စိပေါက်၊ ဝိသဇ်ပေါက်၊ ရှေ့ကပေါက်၊ ဝိသဇ္ဇနီ 等

ဝစ္စမဂ် န၊ <wit sa' met> 【解】肛门

ဝိဿ န၊ <weit hsa> 〔巴〕重叠,如 လူတိုင်းလူတိုင်း၊ အမြဲမြဲ၊ အရွာရွာ

ဝိဇ် I နဝ၊ <weit> 专长,杰出: စာအရေးမှာလဲ ~ ပဲ၊ အဟောအပြောမှာလဲ ~ ပဲ။ 写作方面杰出,演讲也很擅长。II န၊ <weit> ဝိဇ္ဇာ 的简称

ဝိဇ္ဇာ န၊ <weit za> 〔巴〕①学识,(社会)学科: ~ ပညာ 社会科学 / ~ ဘာသာ 文科 / ~ နှင့်သိပ္ပံတက္ကသိုလ် (文理科)综合大学 ②学士,文学士: ~ တန်း 缅甸文科大学三、四年级 / ~ အောက်တန်း 缅甸文科大学三年级 / ~ ဘွဲ့ရ 获得文学士学位 ③能手,大师,专家: ခြင်း ~ 藤球能手 / အက ~ 舞蹈大师 / တယော ~ 杰出的手提琴演奏家 ④仙人

ဝိဇ္ဇာဓိုရ် I န၊ <weit za hto> 〔巴〕①仙人 ②能手,行家: တယောမှာတော့သူက ~ ပဲ။ 在小提琴演奏方面他是个能手。II ကြ၊ <weit z-do> 专长,娴熟

ဝိဇ္ဇာပေါက် ကြ၊ <weit za paut> = ထွက်ရပ်ပေါက်

ဝိဇ္ဇာလမ်း န၊ <weit za lan:> 成仙之道

ဝဋ် န၊ <wut> 〔巴〕【佛】①轮回 ②作孽后得到的报应,恶果 ③循环

ဝဋ်ကောင် န၊ <wut kaun> 【佛】受苦受难者

ဝဋ်ကြီး ကြ၊ <wut kyi:> 受苦,受难,受罪

ဝဋ်ကျွတ် ကြ၊ <wut kyut> ①【佛】脱离苦海 ②(喻)熬出头: တောင်သူလယ်သမားဆင်းရဲသားဘဝမှ ~ ရပါလိမ့်။ 想摆脱贫苦农民的生活。

ဝဋ်ကြွေး န၊ <wut kywei:> 【佛】孽债: ~ တင်သည်။ 欠下孽债。

ဝဋ်ခံ ကြ၊ <wut khan> 【佛】受罪: တယောက်ထဲပျင်းစရာကြီး ~ နေရသလိုပဲ။ 一个人很寂寞,像活受罪。

ဝဋ်ဆင်းရဲ န၊ <wut hsin: ye:> 【佛】受的罪

ဝဋ်ဒုက္ခ န၊ <wut dout kha'> 【佛】苦难

ဝဋ်နာ န၊ <wut na> (迷信)(因罪孽引起的)不治之症

ဝဋ်နာကံနာ န၊ <wut na kan na> = ဝဋ်နာ

ဝဋ်လိုက် ကြ၊ <wut lait> 【佛】①得恶报: သူများကိုမကဲ့ရဲ့ကောင်းဘူး ~ တတ်တယ်။ 不该讥笑别人,会遭报应的。②恶报紧随而来

ဝဋ်လည် ကြ၊ <wut le> 【佛】遭报应,倒霉

ဝဏ္ဏ န၊ <wun na'> 〔巴〕①容貌 ②音节 ③字母: ဧက ~ ဘာသာစကား 孤立语,单音节语 / ဗဟု ~ ဘာသာစကား 多音节语 ③20~30岁之间的年龄,青年期

ဝဏ္ဏကျော်ထင် န၊ <wun na' kyaw htin> 缅甸政府授予的一种荣誉称号

ဝဏ္ဏဒသက န၊ <wun na' da' th-ka'> 〔巴〕21—30岁间的年龄,青年期

ဝဏ္ဏပြောင်းနည်း န၊ <wun na' byaun: ni:> = ဝဏ္ဏဝိကာရနည်း

ဝဏ္ဏလောပနည်း န၊ <wun na' law: pa' ni:> 省略法,如ဥပမာ န简略成ဥပမာ / ဦးခေါင်း简略成ခေါင်း

ဝဏ္ဏဝိကာရနည်း န၊ <wun na' wi' ka ra' ni:> 调换字母法: တောင်မွေး→တောင်ငွေး / ဗလစပ်→တရစပ် / ဝေဒင်→ဗေဒင်

ဝဏ္ဏဝိပရိယာယနည်း န၊ <wun na' wi' p-ri' ya ya' ni:> 如把